**မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း**

မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ

(၂၀၁၁ခုနှစ်၊ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၂။)

၁၃၇၃ခုနှစ်၊သီတင်းကျွတ်လဆန်း၂ရက်

(၂၀၁၁ခုနှစ်၊စက်တင်ဘာလ၂၉ရက်)

ပြည်ထောင်စုလွှတ်တော်သည်ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေတွင်ပါရှိသော **"President of the Republic of the Union of Myanmar may "** ဆိုသည့်စကားရပ်ကို **" Ministry of Finance and Revenue of the Union Government may, with the approval of the Union Government"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေပုဒ်မ၂၊ပုဒ်မခွဲ (၉)ကို အောက်ပါအတိုင်းအစားထိုးရမည် -

"(9) Collector includes any Revenue Officer and any officer delegated by the Director General of the Internal Revenue Department;"

၄။ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေပုဒ်မ၉တွင်-

(က) ပုဒ်မခွဲ (က)၏နောက်၌ပုဒ်မခွဲ (ခ)ကို အောက်ပါအတိုင်းဖြည့်စွက်ရမည် -

"(b) amend or enhance all or any of the amounts or values, description of instruments and proper stamp duties mentioned in this Act including Schedule 1 annexed thereto, and"

(ခ) ပုဒ်မခွဲ (ခ)ကိုပုဒ်မခွဲ (ဂ) အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၅။ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေပုဒ်မ၂၀ကိုအောက်ပါအတိုင်းအစားထိုးရမည် -

*"Duty for any money expressed* " 20. Where an instrument is chargeable with ad valorem duty in respect of any money expressed in any currency other than that of the Republic of the Union of Myanmar, such duty shall be pay-

*in foreign currencies"* able in that foreign currency at the rate of one par centum on such amount or value instead of any proper stamp duty mentioned in schedule 1 annexed in this Act"

၆။ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေပုဒ်မ၄၉တွင်ပါရှိသော **"by the President of the Republic of the** Union of Myanmar" ဆိုသည့်စကားရပ်ကို "by the Ministry of Finance and Revenue of the Union Government, with the approval of the Union Government" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၇။ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေပုဒ်မ၇၀၊ပုဒ်မခွဲ(၁)ကိုအောက်ပါအတိုင်းအစားထိုးရမည်-

*"Institution and conduct Of prosecu Tions."* "70.(1) No Prosecution in respect of any offence punishable under this Act shall be instituted without the prior sanction of the Ministry of Fianance and Revenue of the Union Government."

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**

**နိုင်ငံတော်သမ္မတ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**